
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(မဟာဓာတ်အားလိုင်းပြင်ပအစီအစဉ်)

## National Electrification Project -NEP (Off-Grid Electrification Programme)

# လက်စွဲစာစောင်



၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စီမံကိန်းအကျဉ်း | ၃ |
| ၂ | တစ်အိမ်သုံးဆိုလာစနစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ | ၅ |
| ၃ | အသေးစားဓာတ်အားစနစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ | ၂၉ |
| ၄ | ကုမ္ပဏီများအတွက် Online Registration ပြုလုပ်ပုံအဆင့်ဆင့် | ၃၆ |
| ၅ | လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ် | ၄၀ |
| ၆ | သတင်းအချက်အလက်ပြန်ကြားရေးစနစ်နှင့် ဝေဖန်အကြံပြုတိုင်ကြားစနစ် | ၄၅ |
| ၇ | ကျေးရွာမီးလင်းရေးကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရား | ၅၁ |
| ၈ | မြို့နယ်အလိုက် ဆိုလာပြုပြင်ရေးစင်တာများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များ | ၅၄ |

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း
# (မဟာဓာတ်အားလိုင်းပြင်ပစနစ်)
# NATIONAL ELECTRIFICATION PROJECT- NEP (OFF-GRID)

## NEP စီမံကိန်းဆိုတာ...

- ကမ္ဘာ့ဘဏ်ချေးငွေ IDA အမေရိကန်ဒေါ်လာ သန်း (၄၀၀) ရယူ၍ ပထမ (၅) နှစ်စီမံကိန်းအဖြစ် (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်မှ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် အထိ လျာထားဆောင်ရွက်လျက်ရှိသည့် စီမံကိန်း၊
- မဟာဓာတ်အားလိုင်းတိုးချဲ့သွယ်တန်းခြင်းနှင့် မဟာဓာတ်အားလိုင်းပြင်ပစနစ်ဟူ၍ နည်းလမ်း (၂) သွယ်ဖြင့်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း။

## စီမံကိန်းမျှော်မှန်းချက်

"၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး"

## စီမံကိန်းဧရိယာကို ဘယ်လိုရွေးချယ်မလဲ?

| စဉ် | စီမံကိန်းဧရိယာ | ဆောင်ရွက်မည့်နည်းလမ်း |
|---|---|---|
| ၁ | ဓာတ်အားလိုင်းနှင့် (၁၀)မိုင်အတွင်း ကျေးရွာများ၊ | မဟာဓာတ်အားလိုင်းတိုးချဲ့သွယ်တန်းခြင်း |
| ၂ | ဓာတ်အားလိုင်းနှင့် (၁၀) မိုင်အထက်ဝေးကွာသော ကျေးရွာများ၊ နောင် (၁၀) နှစ်/ (၁၅) နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ မီးမရနိုင်သည့်ဒေသများရှိ ကျေးရွာများ။ | မဟာဓာတ်အားလိုင်းပြင်ပစနစ် မီးလင်းရေးဆောင်ရွက်ခြင်း (တစ်အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားလိုင်းစနစ်) |

## စီမံကိန်းကို ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်မှာလဲ ?

| စဉ် | ဆောင်ရွက်မည့်နည်းလမ်း | ဆောင်ရွက်မည့်ဌာန | ကမ္ဘာ့ဘဏ်ချေးငွေ |
|---|---|---|---|
| ၁ | မဟာဓာတ်အားလိုင်းတိုးချဲ့သွယ်တန်းခြင်း | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အမေရိကန် ဒေါ်လာ သန်း(၃၁၀) {လုပ်ငန်းအကောင်အထည်ဖော်ရန်-အမေရိကန်ဒေါ်လာသန်း(၃၀၀)၊ နည်းပညာအကူအညီပေးရန်-အမေရိကန်ဒေါ်လာ (၁၀) သန်း } |
| ၂ | မဟာဓာတ်အားလိုင်းပြင်ပစနစ်မီးလင်းရေး ဆောင်ရွက်ခြင်း (တစ်အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားလိုင်းစနစ်) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အမေရိကန်ဒေါ်လာသန်း(၉၀) {လုပ်ငန်းအကောင်အထည်ဖော်ရန်-အမေရိကန်ဒေါ်လာသန်း(၈၀)၊ နည်းပညာအကူအညီပေးရန်-အမေရိကန်ဒေါ်လာ (၁၀)သန်း } |

## မဟာဓာတ်အားလိုင်းပြင်ပမီးလင်းရေးဆိုတာဘာလဲ ?

နောင်လာမည့် (၁၀) နှစ် မှ (၁၅) နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ မီးမရနိုင်သည့်ဒေသများတွင်

- ❑ တစ်အိမ်သုံးဆိုလာစနစ်(Solar Home System)၊
- ❑ အသေးစားဓာတ်အားလိုင်းစနစ်(Mini-grid) {ဆိုလာ၊ရေအား၊လေအား၊ဇီဝဓါတ်ငွေ့နှင့် ဇီဝဒြပ်ထု)တို့ဖြင့် မဟာဓာတ်အားလိုင်း မရောက်မီအစောပိုင်း မီးရရှိစေရေးဆောင်ရွက်ခြင်းဖြစ်ပါသည်။

# အပိုင်း(၁)

# တစ်အိမ်သုံးဆိုလာစနစ် (Solar Home System) ဆောင်ရွက်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ


## တစ်အိမ်သုံးဆိုလာစနစ်(Solar Home System) တွေကို ဘယ်လိုဆောင်ရွက်ပေးတာလဲ ?

✓ တစ်အိမ်သုံးဆိုလာစနစ်များကို


- ပြည်သူ့အချိုးကျထည့်ဝင်ငွေ၊
- ကမ္ဘာ့ဘဏ်၏ IDA ချေးငွေ၊
- နိုင်ငံတော်ဘတ်ဂျတ်တို့ဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

✓ အများပြည်သူသုံးအဆောက်အဦးများဖြစ်သည့်

- စာသင်ကျောင်း၊
- ဆေးပေးခန်း၊
- ဘာသာရေးအဆောက်အဦ၊
- လမ်းမီးတိုင်များကို စီမံကိန်းဘတ်ဂျက်မှ ၁၀၀% ထောက်ပံ့ပေးပါတယ်။



## ပြည်သူ့အချိုးကျထည့်ဝင်ရခြင်း ရည်ရွယ်ချက်



# ပြည်သူ့အချိုးကျထည့်ငွေကို ဘယ်လိုပေးသွင်းရမှာလဲ ?

အရစ် (၂) ရစ်ခွဲ၍ ပေးသွင်းရခြင်း

**ပထမအရစ်** — စာချုပ် ချုပ်ဆိုပြီး (၂) လ အတွင်း။

**ဒုတိယအရစ်** — ပစ္စည်းများ ဆိပ်ကမ်းမှ ထုတ်ယူပြီးစီးချိန်နှင့် မြို့နယ်သို့ ပို့ဆောင်သည့် ကြားကာလအတွင်း။






- ကောက်ခံရရှိငွေများကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားသော **ပြည်သူ့ထည့်ဝင်ငွေစာရင်းအမှတ် CF-002840** သို့ လွှဲပြောင်း ပေးပို့ရမည်။

## သတိပြုရန်

- **ပထမအကြိမ်ငွေပေးသွင်းပြီးနောက် စာရင်းပယ်ဖျက်ပါက ပေးသွင်းငွေ ပြန်လည်ရရှိမည် မဟုတ်ပါ။**
  (ကုမ္ပဏီအနေဖြင့် စာချုပ် ချုပ်ဆိုခဲ့သည့် ပစ္စည်းအရေအတွက်အတိုင်း ပစ္စည်းများ သင်္ဘောတင်ပြီးချိန်ဖြစ်၍)
- **အိမ်သုံးဆိုလာစနစ်ရယူသည့်အိမ်ခြေသည် မူလအိမ်ခြေ၏ (၃၀%) အောက် လျော့နည်းပါက အများပိုင်ပစ္စည်းများဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးအဆောက်အဦနှင့် လမ်းမီးတို့အတွက် စီမံကိန်းရံပုံငွေမှ အထောက်အပံ့ပေးမည့် အများသုံးဆိုလာစနစ်များ ရရှိမည် မဟုတ်ပါ။**

## မှတ်ချက်

- နှစ်အလိုက်တင်ဒါစိစစ်အကဲဖြတ်ချက်များပေါ် မူတည်၍ စျေးနှုန်း အပြောင်းအလဲရှိနိုင်ခြင်း၊
- စီမံကိန်း၏သဘောတရားအရ နောင်လာမည့်နှစ်များတွင် ပြည်သူ့ထည့်ဝင်ငွေ ပိုမိုတိုးမြင့်လာနိုင်ပြီး အစိုးရမှ ထောက်ပံ့ပေးသည့် ပမာဏအား ဖြည်းဖြည်းချင်း လျော့ချသွားနိုင်ရန် အကောင်အထည်ဖော်လျက်ရှိခြင်း။
- လက်ရှိတွင် စီမံကိန်းမှ တစ်အိမ်သုံးဆိုလာစနစ် (၂) မျိုးစလုံးအတွက် တစ်ပြေးညီထောက်ပံ့ပေးလျက်ရှိခြင်း။

## ပြည်သူအချိုးကျထည့်ဝင်ငွေကောက်ခံတဲ့အခါ ဘယ်လိုအချက်တွေကို လိုက်နာရန်လိုသလဲ?

- ကျေးရွာအလိုက် ပထမအရစ် ကောက်ခံပြီးစီးမှသာ ကျေးရွာ/ မြို့နယ်အလိုက် ကောက်ခံရရှိငွေအား စုစည်း၍ ငွေလွှဲပို့ပေးသွင်းသည့်ရက်စွဲ၊ ငွေလွှဲချလန်မိတ္တူ၊ ကောက်ခံရရှိမှုအခြေအနေများအား သတ်မှတ်ပုံစံအတိုင်း ဖြည့်သွင်း၍ ဦးစီးဌာန (ရုံးချုပ်) သို့ Soft Copy၊ Hard Copy တို့ဖြင့်ပေးပို့ရန်၊
- သက်ဆိုင်ရာ စီမံကိန်းမြို့နယ်များမှ ပြည်သူထည့်ငွေစာရင်းများကိုပေးသွင်းသည့် ရက်စွဲ၊ ငွေလွှဲချလန်၊ ကောက်ခံရရှိမှုတို့အား ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ပူးတွဲပါ ငွေစာရင်းစာအုပ်ပြုစု၍မှတ်တမ်းတင်စာရင်းပြုစုထားရှိရန်၊

### ငွေစာရင်းစာအုပ်

### CASH BOOK

| Date<br>နေ့စွဲ | Rec No.<br>ပြေစာအမှတ် | Receipts<br>ဝင်ငွေ | LF<br>လ/အ | Cash<br>ငွေ | Bank<br>ဘဏ် | Date<br>နေ့စွဲ | Vr.No.<br>ဘောင်ချာအမှတ် | Payment<br>ထွက်ငွေ | LF<br>လ/အ | Cash<br>ငွေ | Bank<br>ဘဏ် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

# ပြည်သူအချို့ကျ ထည့်ဝင်ငွေပြဇယား

| စဉ် | အိမ်သုံးဆိုလာ စနစ် | ပြည်သူထည့်ဝင်ငွေ (ကျပ်) | စီမံကိန်းရန်ပုံငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၆၀ ဝပ် | ၅၀၀၀၀ | (၂၀၀၀၀၀ မှ ၃၅၀၀၀၀ အတွင်း) | စီမံကိန်းမှ ထည့်ဝင်ငွေသည် စနစ်(၂) ခုလုံး အတွက် ညီမျှစွာထည့်ဝင်ပေးထားခြင်း ဖြစ်ပါသည်။ |
| ၂ | ၁၀၀ ဝပ် | ၁၅၀၀၀၀ | (၃၀၀၀၀၀ မှ ၄၀၀၀၀၀ အတွင်း) | |

## အသုံးပြုနိုင်သည့် လျှပ်စစ်ပစ္စည်းနှင့် အမျိုးအစားများမှာ-

**၆၀ ဝပ်**

- 3W မီးလုံး ၄ လုံး ၄ နာရီ၊
- 6W မီးလုံး ၁ လုံး ၄ နာရီ၊
- 15W DC TV ၃ နာရီ၊
- ဖုန်းအားသွင်းခြင်း ၄ နာရီ။

**၁၀၀ ဝပ်**

- 3W မီးလုံး ၅လုံး ၅ နာရီ၊
- 6W မီးလုံး ၁ လုံး ၄ နာရီ၊
- 15W DC TV ၄ နာရီ၊
- ဖုန်းအားသွင်း ခြင်း ၄ နာရီ၊
- 9 W ပန်ကာ ၃ နာရီ။။

**သတိပြုရန်- စနစ် (၂) မျိုးလုံးတွင် (၃၀) ဝပ် ထက်ကျော်လွန်၍ တစ်ပြိုင်နက်တည်း အသုံးမပြုရန်။**

# စီမံကိန်းရန်ပုံငွေမှ (၁၀၀%) အပြည့်အဝထောက်ပံ့ပေးသည့် အများပြည်သူသုံးဆိုလာစနစ်

| | |
|---|---|
| မူလတန်းကျောင်း (၁၈၀ ဝပ်) | မီးချောင်း (၉) ချောင်း၊ ဖုန်းအားသွင်းခြင်း၊ Laptop/ (၅၀) ဝပ် LCD တီဗွီ။ |
| အလယ်တန်းကျောင်း (၃၈၀ ဝပ်) | မီးချောင်း (၂၀) ချောင်း၊ ဖုန်းအားသွင်းခြင်း၊ Laptop/ (၅၀) ဝပ် LCD တီဗွီ။ |
| အထက်တန်းကျောင်း (၄၈၀ ဝပ်) | မီးချောင်း(၂၆) ချောင်း၊ ဖုန်းအားသွင်းခြင်း၊ Laptop/ (၅၀)ဝပ် LCD တီဗွီ။ |
| ကျေးလက်ဆေးပေးခန်း(၁၈၀ ဝပ်) | မီးချောင်း (၆) ချောင်း၊ ဖုန်းအားသွင်းခြင်း၊ အသေးစားလျှပ်စစ်ပစ္စည်းများ။ |
| လမ်းမီး (၇၀ ဝပ်) | မီးလုံး (၁) လုံး။ |
| ဘာသာရေးအဆောက်အဦ (၁၈၀ ဝပ်) | မီးလုံး (၉) လုံး၊ ဖုန်းအားသွင်းခြင်း၊ Laptop/ (၅၀) ဝပ် LCD တီဗွီ။ |

- **အများပြည်သူပိုင်အဆောက်အဦ**များအတွက် တပ်ဆင်ပေးသည့် ဆိုလာစနစ်များတွင်သာ အင်ဗာတာပါရှိပြီး **အေစီ (AC)** လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်မည်ဖြစ်သည်။
- **အိမ်သုံးဆိုလာစနစ်**များအားလုံးမှာ **ဒီစီ (DC)** အမျိုးအစားဖြစ်ပြီး အင်ဗာတာ ပါဝင်ခြင်း မရှိပါ။

# မြို့နယ်ကျေးလက်ရုံးမှ ဘာတွေဆောင်ရွက်ပေးရမလဲ?

၁

- ကျေးရွာစာရင်းကောက်ယူခြင်း၊ Off-grid စီမံကိန်း ဧရိယာဟုတ်/မဟုတ် စစ်ဆေးခြင်း၊
- ကျေးရွာများသို့ စီမံကိန်းဆိုင်ရာအချက်အလက်များ ရှင်းပြခြင်းနှင့် ပြည်သူထည့်ဝင်ငွေအကြောင်း ရှင်းပြခြင်း၊

၂

- ဆိုလာစနစ်ရယူလိုသောအိမ်ထောင်စုများကို ပြန်လည်စိစစ်ခြင်း၊
- အများပြည်သူသုံးဆိုလာစနစ်များအတွက် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်အတည်ပြုချက် ရယူခြင်း၊

၃

- နှစ်စဉ်ဘတ်ဂျက်လျာထားသည့် ကာလမတိုင်မီ သက်ဆိုင်ရာခရိုင်၊ ပြည်နယ်/ တိုင်းမှတစ်ဆင့် ရုံးချုပ်သို့ အချိန်မီ တင်ပြခြင်း၊
- ဆိုလာပစ္စည်းများ တပ်ဆင်ပြီးစီးပါက လွှဲပြောင်း/ လက်ခံပုံစံအား သက်ဆိုင်သူများထံမှ လက်မှတ်ရေးထိုးရယူထားရမည်ဖြစ်ပြီး မိတ္တူများကို အသုံးပြုသူ/ တာဝန်ခံ၊ မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ကုမ္ပဏီများမှ မှတ်တမ်းတင် လက်ခံထားရန် လိုအပ်ခြင်း၊

# စီမံကိန်းကျေးရွာတွင် တပ်ဆင်ရမည့် လမ်းမီးတိုင် အရေအတွက်ကို ဘယ်လိုတွက်ချက်နိုင်သလဲ?

- လမ်းမီးအရေအတွက်- ကျေးရွာ (၁) ရွာလျှင် အနည်းဆုံး (၂) တိုင်မှ အများဆုံး (၂၅) တိုင်၊
- ကျေးရွာရှိ မူလအိမ်ခြေပေါ်မူတည်၍ တွက်ချက်ရန်-
  - အိမ်ခြေ (၇၅) အထက်ဖြစ်လျှင် (၁၅) အိမ် - (၁) တိုင်နှုန်း။
  - အိမ်ခြေ (၅၀) နှင့် (၇၅) ကြားဖြစ်လျှင် (၁) ရွာ - (၅) တိုင်။
  - အိမ်ခြေ (၅၀) အောက်ဖြစ်လျှင် (၁၀) အိမ် - (၁) တိုင်နှုန်း။



- **လမ်းမီးတိုင် စိုက်ထူမည့်နေရာရွေးခြယ်ရန် စံသတ်မှတ်ချက်များ**
  - ကျေးရွာ၏ အချက်အချာကျသောနေရာ (လမ်းဆုံလမ်းခွ၊ အများပြည်သူသုံးဇရိယာ (ဥပမာ-လှေဆိပ်၊ သင်္ဘောဆိပ်စသည်))၊
  - အသွားအလာများသည့်နေရာ၊
  - ဆိုလာပြားပေါ်အရိပ် မကျရောက်စေမည့်နေရာ၊

- ကျေးရွာရှိ လမ်းမီးတိုင် စိုက်ထူရန်နေရာကို သက်ဆိုင်ရာမြို့နယ် ဦးစီးမှူး၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ ညှိနှိုင်းဆောင်ရွက်ရန်၊
- ကျေးရွာရှိ မီးရယူသည့်အိမ်ခြေ လျော့နည်းသွားပါက လမ်းမီးအရေအတွက် ပြန်လည်စိစစ်ရန်၊

# အိမ်သုံးဆိုလာစနစ်ဆောင်ရွက်ဖို့အတွက် NEP (PMO) ရဲ့ လုပ်ငန်းအဆင့်ဆင့်က ဘာတွေလဲ?


- ကနဦးကျေးရွာစာရင်းများကောက်ယူခြင်း၊
- တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း၊
- နိုင်ငံတကာအပြိုင်တင်ဒါစနစ် (ICB) ဖြင့် တင်ဒါခေါ်ယူခြင်း၊ တင်ဒါဖွင့်ပွဲ ပြုလုပ်ခြင်း၊
- တင်ဒါအဆိုပြုလွှာများအား Quality and Cost Based System (QCBS) နည်းစနစ်ဖြင့် နိုင်ငံတကာဝယ်ယူဖြန့်ဖြူးရေး ကျွမ်းကျင်ပညာရှင်ဦးဆောင်သည့် (DRD-NEP ၊ WB) အဖွဲ့မှ စိစစ်အကဲဖြတ်ခြင်း၊
- ကမ္ဘာ့ဘဏ်၏ အတည်ပြုချက်ရယူခြင်း၊
- စာချုပ်ချုပ်ဆိုရန်အတွက် ကုမ္ပဏီများနှင့် အကြိုညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း၊
- DACUအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီးနောက် DACUအဖွဲ့တွင်ပါဝင်သည့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်၍ စာချုပ် ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ခြင်း၊
- စာချုပ်ချုပ်ဆိုခြင်း၊

# စာချုပ် ချုပ်ဆိုပြီးချိန်ကနေ တပ်ဆင်ပြီးစီးချိန်ထိ အချိန်တွေ ဘာကြောင့် အကြာကြီးယူနေရတာလဲ?

## စာချုပ် ချုပ်ပြီးချိန်တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်.........

- Inspection and Verification Agent- IVA များငှားရမ်းခြင်း၊
- တင်ဒါအောင်မြင်သောကုမ္ပဏီများမှ တပ်ဆင်မည့်ဆိုလာပစ္စည်း၏ နမူနာ ပစ္စည်းများတင်ပို့လာခြင်း၊
- အဆိုပါကုမ္ပဏီများမှ တင်ပြလာသည့် Inspection Report များကို စစ်ဆေးအတည်ပြုခြင်း၊
- ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရည်အသွေး အကဲဖြတ်စစ်ဆေးခြင်း ၊
- သက်ဆိုင်ရာ ကုမ္ပဏီများမှ ဆိုလာပစ္စည်းများအား သင်္ဘောတင်ပို့ဆောင်လာခြင်း၊
- ရန်ကုန်ဆိပ်ကမ်းတွင် အကောက်ခွန်ဌာန၏ အခွန်ကင်းရှင်းကြောင်း အတည်ပြုချက်ရရှိစေရန် ဆောင်ရွက်ခြင်း၊
- ရန်ကုန်မြို့ရှိ ပစ္စည်းသိုလှောင်ရုံ (Warehouse) သို့ပို့ဆောင်ခြင်း၊
- Warehouse မှ တစ်ဆင့် သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပြီးနောက် စီမံကိန်းကျေးရွာများသို့ ပို့ဆောင်ခြင်း၊

## ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်.........



- စီမံကိန်းဧရိယာအားလုံးတွင် တပ်ဆင်ရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း၊
- တပ်ဆင်သည့်အချိန်တွင် MIS စနစ်ဖြင့် စောင့်ကြည့်စစ်ဆေး စစ်တမ်းကောက်ယူခြင်း၊
- တပ်ဆင်ပြီးစီးချိန်တွင် IVA အဖွဲ့မှ အရည်အသွေး နှင့် တပ်ဆင်ပြီးစီးမှုအခြေအနေများအား ထပ်မံစစ်ဆေးခြင်း၊
- လုပ်ငန်းပြီးစီးကြောင်းအတည်ပြုခြင်း။

**"စာချုပ်ချုပ်ဆိုပြီးချိန်မှ ကျေးရွာသို့ပစ္စည်းများ တပ်ဆင်ပြီးစီးချိန်အထိ အနည်းဆုံး (၈.၅) လ ခန့် ကြာမြင့်ပါသည်"**

# လုပ်ငန်းစတင်ချိန်ကနေ ပြီးစီးချိန်အထိ အချိန်တွေ အကြာကြီးယူရတဲ့ အကြောင်းရင်းက..... ???

**ကျေးရွာစာရင်းဘယ်လို ကောက်ယူမှာလဲ?**

- တိုင်းဒေသကြီး/ ပြည်နယ်များမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဆိုလာစနစ်တပ်ဆင်လိုသော ကျေးရွာများစာရင်းကောက်ယူ၍ ရုံးချုပ်သို့ ပေးပို့စေခြင်း၊
- ပေးပို့လာသော ကျေးရွာများကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးအတည်ပြုခြင်း။

**တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း ဆိုတာ ဘာလဲ?**

- တင်ဒါ စာရွက်စာတမ်းများကို ဆိုလာနှင့်ဆက်စပ်ပစ္စည်းများအတွက် နည်းပညာနှင့် ဝယ်ယူရေးဆိုင်ရာ စံနှုန်း သတ်မှတ်ချက်များကို NEP (PMO) ရုံးမှ နိုင်ငံတကာအကြံပေးတို့မှ ဦးဆောင်ရေးဆွဲပြုစုပြီး ကမ္ဘာ့ဘဏ်သို့ အတည်ပြုချက်ရယူရန် ပေးပို့ခြင်း။

**တင်ဒါဘယ်လိုခေါ်ယူဆောင်ရွက်သလဲ?**

- နိုင်ငံတကာအပြိုင်တင်ဒါ (International Competitive Bidding – ICB) ခေါ်ယူရန်အတွက် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြပြီး နိုင်ငံပိုင် သတင်းစာများ၊ ဝန်ကြီးဌာန Website နှင့် UNDB Website တို့တွင် ကြော်ငြာပြီး တင်ဒါခေါ်ယူခြင်း။

တင်ဒါဖွင့်ပွဲ ဘယ်အချိန်မှာပြုလုပ်လဲ?

- တင်ဒါကြော်ငြာပြီးနောက် အနည်းဆုံး **၄၅ ရက်ခန့်** အတွင်းတွင် တင်ဒါဖွင့်ပွဲ ပြုလုပ်ခြင်း။

တင်ဒါ စိစစ်အကဲဖြတ်ရေးကို ဘယ်လို ဆောင်ရွက်သလဲ?

- နည်းပညာနှင့် ဝယ်ယူရေးဆိုင်ရာအဖွဲ့ (ကျေးလက်ဦးစီး(ရုံးချုပ်))နှင့် ကမ္ဘာ့ဘဏ် မှ International Consultant များ ဦးဆောင်ပြီး အပိုင်း (၃) ပိုင်းခွဲ၍ စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်ကို **ရက်ပေါင်း (၉၀) ခန့်** အချိန်ယူ ဆောင်ရွက်ခြင်း၊
  - Preliminary Examination စစ်ဆေးခြင်း၊
  - Technical Detail စစ်ဆေးခြင်း၊
  - Post Qualification စစ်ဆေးခြင်း။

စာချုပ်နိုင်ဖို့ ဘယ်လိုတွေဆောင်ရွက်လဲ?

- တင်ဒါစိစစ်အကဲဖြတ်ရေးအစီရင်ခံစာနှင့်အတူ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကမ္ဘာ့ဘဏ် သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊
- တင်ဒါအောင်မြင်သော ကုမ္ပဏီများကို ထုတ်ပြန်ကြေညာခြင်း၊
- စာချုပ်အကြိုညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး စာချုပ်ချုပ်ဆိုခြင်း။

**Inspection and Verification Agent – IVA ငှားရမ်းခြင်းတွေကို ဘယ်လိုဆောင်ရွက်လဲ?**

- တစ်အိမ်သုံးဆိုလာစနစ်များကို သတ်မှတ်ထားသော အရည်အသွေးများနှင့် ကိုက်ညီမှု ရှိ/ မရှိ၊ တပ်ဆင်မှုလုပ်ငန်းများ မှန်ကန်မှုရှိ/ မရှိ စစ်ဆေးရန် အတွက် ကမ္ဘာ့ဘဏ်၏ ဝယ်ယူရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ငှားရမ်းစာချုပ်ချုပ်ဆိုခြင်း။

**ဆိုလာပစ္စည်းများ၏နမူနာပစ္စည်းများ ဘယ်အချိန်မှာ ပေးပို့သလဲ?**

- စာချုပ်ချုပ်ဆိုပြီး **ရက် (၃၀) အတွင်း** ဆိုလာပစ္စည်းများ၏ နမူနာ ပစ္စည်းများကို ပေးပို့ပြီး စံနှုန်းနှင့် ကိုက်ညီမှု ရှိ/ မရှိကို စီမံကိန်း ဝန်ထမ်းများနှင့် IVA အဖွဲ့မှ စစ်ဆေးခြင်း။

**Lot အလိုက် Pilot တပ်ဆင်ခြင်းကို ဘယ်အချိန်စတင်သလဲ?**

- စာချုပ်ချုပ်ဆိုပြီး **ရက်ပေါင်း (၉၀) အတွင်း** Lot အလိုက် Pilot တပ်ဆင်ခြင်းကို သတ်မှတ်ကျေးရွာများတွင် တစ်အိမ်သုံးဆိုလာစနစ် (၁၀) စုံ၊ အများပြည်သူသုံးဆိုလာစနစ် တစ်စုံစီ စုစုပေါင်း Lot တစ်ခု အတွက် (၁၆) စုံ တပ်ဆင်ပေးခြင်း၊
- ကမ္ဘာ့ဘဏ်၊ ကျေးလက်ဦးစီး (ရုံးချုပ်) နှင့် IVA အဖွဲ့တို့မှ တာဝန်ရှိသူများမှ စိစစ်အကဲဖြတ်ဆောင်ရွက်ခြင်း။

**ဆိုလာပစ္စည်းတွေ ဘယ်အချိန် ရောက်မှာလဲ?**

- Pilot တပ်ဆင်ခြင်းလုပ်ငန်းများပြီးစီးပါက သက်ဆိုင်ရာ ကုမ္ပဏီများ အနေဖြင့် ထုတ်လုပ်သည့်နိုင်ငံမှတစ်ဆင့် စီမံကိန်းဧရိယာများသို့ စာချုပ်ချုပ်ဆိုပြီး **ရက်ပေါင်း ၁၅၀** အတွင်း အရောက်ပို့ပေးရမည်။

**လုပ်ငန်းများအားလုံးတပ်ဆင်ပြီးစီးရန် အချိန်ဘယ်လောက်ကြာလဲ?**

- စာချုပ်ချုပ်ဆိုပြီး **၈.၅ လ**အတွင်း စီမံကိန်းလုပ်ငန်းများအားလုံး ပြီးစီးအောင် ဆောင်ရွက်ခြင်း။

**Management Information System, MIS လုပ်ငန်းတွေ ဘယ်လို ဆောင်ရွက်ရသလဲ?**

- တပ်ဆင်ပြီးစီးသွားသည့်လုပ်ငန်းများ၏ data များအား Software ထည့်သွင်းထားသည့် Tablet များ အသုံးပြုစစ်တမ်းကောက်ယူပြီး Online မှ တစ်ဆင့် ကျေးလက်ဦးစီး (ရုံးချုပ်)သို့ ပေးပို့ရခြင်း၊
- ပေးပို့လာသော အချက်အလက်များကို စိစစ်၍ မှန်ကန်မှုမရှိပါက ပြန်လည် ပြုပြင်ရန်သက်ဆိုင်ရာကုမ္ပဏီသို့ ညွှန်ကြားခြင်း။
- မြို့နယ်အလိုက် ပြီးစီးမှုပေါ်မူတည်၍ IVA စစ်ဆေးရန် MIS စနစ်ဖြင့် အတည်ပြုခြင်း။

**IVA စစ်ဆေးမှုတွေကို ဘယ်လို ဆောင်ရွက်ရသလဲ?**

- တပ်ဆင်ပြီးစီးသောဆိုလာများအနက်မှ သတ်မှတ်ထားသော အရေအတွက် အတိုင်း နည်းပညာပိုင်းစစ်ဆေး အတည်ပြုပြီးနောက် ရလဒ်များကို ကျေးလက်ဦးစီး (ရုံးချုပ်) သို့တင်ပြခြင်း။

## ဘယ်လိုအချက်တွေပေါ်မူတည်ပြီးလုပ်ငန်းပြီးစီးကြောင်းကို အတည်ပြုမလဲ?

- IVA အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်ရလဒ်ပေါ်မူတည်၍ လိုအပ်ချက်များကို ကုမ္ပဏီများမှ ပြင်ဆင်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုပ်ငန်းပြီးစီးကြောင်း ထောက်ခံချက်များနှင့် အတည်ပြုပါသည်။

## ဆိုလာစနစ်တပ်ဆင်ရာမှာ ဘာတွေကိုအဓိကထား ဆောင်ရွက်ရမလဲ?

- နေအိမ်များတွင်
  - စာကြည့်ခန်းနှင့်မီးဖိုခန်းများကို အဓိကထား တပ်ဆင်ရန်၊
  - ဆိုလာပြားများကို နေရောင်ခြည်ကောင်းစွာရသောနေရာတွင် တပ်ဆင်ရန်နှင့် ဒေါက်တိုင်များ ခိုင်ခံ့မှုရှိစေရန်၊
  - ဆိုလာထိန်းချုပ်စက်ပုံးများကို လေဝင်လေထွက်ကောင်းသောနေရာတွင်တပ်ဆင်ရန်။

- အများသုံးစနစ်တွင်
  - စာသင်ခန်းများတပ်ဆင်ရာတွင် စာကြည့်မည့်အခန်းအား သတ်မှတ်တပ်ဆင်ပေးရန်၊
  - ဆိုလာထိန်းချုပ်စက်ပုံးကို တာဝန်ခံ၏ ရုံးခန်းရှိ လေဝင်လေထွက်ကောင်းသောနေရာတွင် တပ်ဆင်ရန်၊
  - ဆေးပေးခန်းများတွင် ခွဲစိတ်ခန်းနှင့် သားဖွားခန်းများကို ဦးစားပေးတပ်ဆင်ရန်။

*** စနစ် (၂) မျိုးလုံးအတွက် သတ်မှတ်ထားသော ဝန်အားထက် ပိုမိုမသုံးစွဲရန် ***

## ဆိုလာပစ္စည်းတွေရဲ့ စံချိန်စံညွှန်းကဘာတွေလဲ?

- ☑ International Electro technical Commission for Electrical Equipment- IECEE မှ ထုတ်ပြန်ထားသည့် A Valid PGVAP (Global Approval Program for Photovoltaic) Quality Mark၊
- ☑ Rural Electrification and Renewable Energy Development- RERED ၏ ထောက်ခံချက်၊
- ☑ Renewable Energy Test Station-RETs မှ ထောက်ခံချက်၊
- ☑ Global Lighting and Energy Access Partnership- Global LEAP ဆုရရှိထားသော ထုတ်ကုန်များနှင့် နောက်ဆုံးဆန်ကာတင်အဆင့် ထိရောက်ရှိခဲ့သည့် ထုတ်ကုန်များ၊
- ☑ ကမ္ဘာ့ဘဏ်၏ အရည်အသွေးဆိုင်ရာ ထောက်ခံချက်၊

## ဆိုလာပစ္စည်းတွေမှာ ဘယ်လိုအာမခံချက်တွေရှိလဲ?

**အိမ်သုံးဆိုလာစနစ် နှင့် အများသုံးဆိုလာစနစ်များအတွက် အာမခံကာလ**

တပ်ဆင်ပြီးစီးသည့်နောက် စနစ် (၁) ခုလုံးအတွက် (After Sales Services) ပြင်ဆင်ထိန်းသိမ်းမှု **အာမခံ ကာလ (၁) နှစ်**။

အာမခံကာလအတွင်း **အသုံးပြုသူ၏ အမှားကြောင့် မဟုတ်ဘဲ** ချို့ယွင်းပျက်စီးပါက **ပစ္စည်း၊ လက်ခ အခမဲ့**။

**အာမခံကာလကျော်လွန်ချိန်တွင် ချို့ယွင်းပျက်စီးမှုဖြစ်ပေါ်ပါက သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွင့်လှစ်ထားရှိသည့် ဆိုလာပြုပြင်ရေးစင်တာများနှင့် ဆက်သွယ် ဆောင်ရွက်ရန်။**

# ရေရှည်ပြုပြင်ထိန်းသိမ်းမှုအတွက် ဘယ်သူတွေမှာ တာဝန်ရှိသလဲ?

| | |
|---|---|
| အိမ်သုံးဆိုလာစနစ် | အသုံးပြုသူလက်စွဲပါ လမ်းညွှန်ချက်များနှင့်အညီ ပိုင်ရှင်မှ ဆက်လက်ထိန်းသိမ်းသွားရန်။ |

| | |
|---|---|
| အများသုံးဆိုလာစနစ် (စာသင်ကျောင်းနှင့် ဆေးပေးခန်း) | အသုံးပြုသူလက်စွဲပါ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဌာနမှ ဆက်လက်ထိန်းသိမ်းသွားရန်။ |

စာသင်ကျောင်းများရှိ အများသုံးဆိုလာစနစ်များအား ကျောင်းပိတ်ချိန်ကာလများတွင် မိဘဆရာအသင်း (သို့မဟုတ်) ကျောင်းပညာရေးကော်မတီမှ တာဝန်ယူ ထိမ်းသိမ်းရန်။

| | |
|---|---|
| အများသုံးဆိုလာစနစ် (ဘာသာရေးဆောက်အဦနှင့် လမ်းမီး) | အသုံးပြုသူလက်စွဲပါ လမ်းညွှန်ချက်များနှင့်အညီ ကျေးရွာမီးလင်းရေးကော်မတီမှ ဆက်လက်ထိန်းသိမ်းသွားရန်။ |

ချို့ယွင်းပျက်စီးမှုများဖြစ်ပေါ်ပါက သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွင့်လှစ်ထားရှိသည့် ဆိုလာပြုပြင်ရေးစင်တာများနှင့် ဆက်သွယ် ဆောင်ရွက်ရန်။

JJ

# ဆိုလာပစ္စည်းတွေကို ဘယ်လိုထိန်းသိမ်းရမလဲ?

သုံးစွဲသူများမှ အသုံးပြုသူလက်စွဲပါ လမ်းညွှန်ချက်၊ ဆောင်ရန်/ ရှောင်ရန်များကို လိုက်နာရန်၊

အာမခံကာလအတွင်း အသုံးပြုသူအမှား ကြောင့် မဟုတ်ပဲ ပျက်စီးသွားပါက သုံးစွဲသူမှ ကုမ္ပဏီ/ ကျေးလက်ဦးစီးရုံးသို့ အကြောင်းကြားရန်၊

အသုံးပြုသူ အမှားကြောင့် ချို့ယွင်းပျက်စီးပါက ပြင်ဆင်စရိတ်/အသစ် လဲလှယ်စရိတ်ကို အသုံးပြုသူမှသာ ကျခံရန်၊

အာမခံကာလအတွင်း ပြင်ဆင်ထိန်းသိမ်း ရန်အတွက် မြို့နယ်ရုံးများတွင် ဖွင့်လှစ်ထားရှိသည့် Service Center များ နှင့် ဆက်သွယ် ဆောင်ရွက်ရန်၊

**သတိပြုရန်**

- စီမံကိန်းမှ တပ်ဆင်ပေးထားသည့် အိမ်သုံးဆိုလာများအား လက်လွှဲလက်ပြောင်း ပြုလုပ်ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရပါ။

JP

# စီမံကိန်းမှာ ဘယ်သူတွေက ဘယ်လို တာဝန်ယူဆောင်ရွက်ရမှာလဲ

| | |
|---|---|
| ကျေးရွာစာရင်း၊ ဆောင်ရွက်မည့် စနစ်စာရင်းများ ကောက်ခံခြင်းနှင့် စီမံကိန်းအကြောင်း ကျေးရွာသို့ ရှင်းလင်းခြင်း။ | • တိုင်း/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဦးစီးဌာနများ |
| ကွင်းဆင်းစစ်ဆေးမှုပြုလုပ်ခြင်း၊ Inspection Report၊ Installation နှင့် IVA စစ်ဆေးခြင်း။ | • NEP (PMO)၊ မြို့နယ်ကျေးလက်နှင့် သက်ဆိုင်ရာကုမ္ပဏီ |
| ပြည်သူထည့်ဝင်ငွေကောက်ခံခြင်း။ | • မြို့နယ်ကျေးလက်နှင့် ကျေးရွာမီးလင်းရေးကော်မတီ |
| လုပ်ငန်းဆောင်ရွက်ခြင်း။ | • တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ |
| စနစ်တကျသုံးစွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။ | • ကျေးရွာမီးလင်းရေးကော်မတီနှင့် သုံးစွဲသူများ |

# အများသုံးဆိုလာစနစ်များကို တပ်ဆင်ပြီးစီးချိန်မှာ ဘယ်လိုဆက်လက်ဆောင်ရွက်မှာလဲ ?

- စာသင်ကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်းများအတွက် အများသုံးဆိုလာစနစ်များ တပ်ဆင်ပြီးစီးချိန်တွင် သက်ဆိုင်ရာဦးစီးဌာနများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါသည်-


## လွှဲပြောင်းပေးအပ်မည့် အစီအစဉ်...

| | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဦးစီး မှ | သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနများ သို့ |
| ခရိုင်ကျေးလက်ဦးစီး မှ | သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနများ သို့ |
| မြို့နယ်ကျေးလက်ဦးစီး မှ | သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ |


# အိမ်သုံးဆိုလာစနစ်အသုံးပြုရာတွင် တာရှည်ခံစေရန် ဘယ်လိုအချက်တွေကို ရှောင်ကြဉ်ဖို့ လိုမလဲ?



ဆိုလာအားသွင်းထိန်းချုပ်စက်ကို နေရောင်တိုက်ရိုက် မထိတွေ့သည့် နေရာ၊ မီး (သို့မဟုတ်) ရေတို့နှင့် ဝေးရာတွင် ထားပါ။



ဆိုလာအားသွင်းထိန်းချုပ်စက်အား လေဝင်လေထွက်ကောင်းသောနေရာတွင် ထားပါ။ ဖော့အကာများ တပ်ဆင်ထားခြင်း၊ ဖုံးအုပ်ထားခြင်း မပြုလုပ်ရပါ။



လျှပ်စီးလက်/ မိုးကြိုးပစ်နေသည့်အချိန်ခါမျိုးတွင် အားသွင်းထိန်းချုပ်စက်အား ပလပ် ဖြုတ်ထားပါ။



မီးလုံးအား ပလတ်စတစ်/ ကျွတ်ကျွတ်အိတ်များဖြင့် ဖုံးအုပ်မထားရ။



ပလပ်ခေါင်းများ မထိ/ တထိ ဖြစ်နေခြင်း (သို့) လွတ်နေခြင်းများ မဖြစ်စေရန် သတိပြုပါ။


# အိမ်သုံးဆိုလာစနစ်အသုံးပြုရာတွင် တာရှည်ခံစေရန် ဘယ်လိုအချက်တွေကို ရှောင်ကြဉ်ဖို့ လိုမလဲ?



ဆိုလာပြားအား အရိပ်မကျစေရပါ။ ဆိုလာပြားမျက်နှာပြင်အား သန့်ရှင်းစွာ ထားပါ။



ဆိုလာပြားအား ချွန်ထက်သောအရာများဖြင့် ထိုးခြင်း၊ ခြစ်ခြင်း၊ ပစ္စည်းများ တင်ခြင်း၊ ဆိုလာပြားပေါ် မတ်တပ်ရပ်ခြင်းစသည်တို့ မပြုလုပ်ရပါ။



ဆိုလာပြားဒေါက်တိုင်အား လှည့်ခြင်း၊ နေရာရွှေ့ခြင်းတို့ မပြုလုပ်ရပါ။

- လျှပ်စစ်မီးအသုံးပြုနေချိန်တွင် အဖွင့်အပိတ်ခလုတ်ကို ဖွင့်ထားပါ။
- ဘက္ထရီအား **နေ့အချိန်တွင် အားအပြည့်ဖြစ်စေရန် သေချာစွာအားသွင်းပါ**
- အသုံးမပြုဘဲထားမည်ဆိုပါက ခလုတ်များ ပိတ်ထားပါ။ (သို့ရာတွင် အချိန်ကာလ ကြာမြင့်စွာ အသုံးမပြုဘဲ ထားမည်ဆိုပါက အနည်းဆုံး **(၃) လ (၁) ကြိမ်** အားပြန်သွင်းပါ)။
- အားသွင်းထိန်းချုပ်စက်အား **Reset ချမည်ဆိုပါက ခလုတ်ပိတ်၍ ပလပ်ဖြုတ်ပြီးနောက် (၁) မိနစ်ခန့်ကြာမှ ပလပ်ပြန်တပ်ပြီး ခလုတ်ပြန်ဖွင့်ပါ။**

# အပိုင်း(၂)
# အသေးစားဓာတ်အားစနစ် (Mini-Grid) ဆောင်ရွက်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ

## အသေးစားဓာတ်အားလိုင်းစနစ် (Mini-Grid) ဆိုတာ ဘာလဲ ?

- ကျေးရွာ (၁) ရွာ(သို့) ကျေးရွာအစုအဖွဲ့များအား အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး သွယ်တန်းဖြန့်ဖြူးခြင်း၊
- ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ဆိုလာ၊ရေအား၊ ဇီဝဒြပ်ထုစွမ်းအင်(သစ်တောနှင့် စိုက်ပျိုးရေးလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများအသုံးပြု) အသုံးပြု၍ထုတ်လုပ်ခြင်း၊
- ဒီဇယ်မီးစက်စနစ် (သို့) ၂မျိုးသုံး (ဆိုလာ- ဒီဇယ်/ ဆိုလာ - ရေအား ) အသုံးပြု၍ ထုတ်လုပ်ခြင်း၊
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အသေးစားဓာတ်အားစနစ်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားပမာဏအများဆုံး (1MW) အထိ ထုတ်လုပ်ခွင့်ရှိခြင်း၊

## Mini-grid ကျေးရွာကို ဘယ်လိုရွေးချယ်လဲ

မဟာဓာတ်အားလိုင်းမှ (၁၀) မိုင်နှင့် အထက်ဝေးကွာပြီး နောင် (၁၀) နှစ်/ (၁၅) နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ မီးမရနိုင်သော ကျေးရွာများဖြစ်ခြင်း၊

ကျေးရွာမှပြည်သူ့ထည့်ဝင်ငွေ (၂၀%) ထည့်ဝင်နိုင်ပြီး ဓာတ်အားခ ပေးဆောင်ရန် ဆန္ဒရှိခြင်း၊

မီးထွန်းရုံမျှသာမက လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သော အသေးစားကုန်ထုတ်လုပ်ငန်း/ အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာရှိခြင်း၊

## အသေးစားဓာတ်အားစနစ် (Mini-grid) ဘယ်လို အကောင်အထည်ဖော်ဆောင်ရွက်သလဲ ?


- အသေးစားဓာတ်အားစနစ်ဆိုင်ရာ စီမံကိန်းအဆိုပြုလွှာများ ခေါ်ယူခြင်း
- အဆိုပြုလွှာများအား ဂျာမန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၊ (NEP၊ WB) မှ နည်းပညာကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်း၍ အကြိုစိစစ်အကဲဖြတ်ခြင်း၊
- အကြိုဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုအစီရင်ခံစာ(Pre-Feasibility Study Report) အား အကဲဖြတ်စစ်ဆေးခြင်း၊
- အကြိုအဆင့်တွင် အောင်မြင်သူများအား ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု အစီရင်ခံစာ (FS) တင်သွင်းစေခြင်း၊
- တင်သွင်းလာသည့် ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုအစီရင်ခံစာများအား ထပ်မံ စိစစ်အကဲဖြတ်ခြင်း၊
- အောင်မြင်သည့် အစီရင်ခံစာများရှိ ပြင်ဆင်သင့်သည်များကို ညှိနှိုင်းပြင်ဆင်၍ Revised Feasibility Study Report (RFS) များအား ထပ်မံစိစစ်ခြင်း၊
- ကမ္ဘာ့ဘဏ်သို့ ပေးပို့အတည်ပြုချက်ရယူခြင်း၊
- စာချုပ်မူကြမ်း ပြင်ဆင်ညှိနှိုင်းခြင်း၊
- စာချုပ်မူကြမ်းအား DACU သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီးနောက် DACU အဖွဲ့တွင်ပါဝင်သည့် သက်ဆိုင်ရာ ဌာနများမှ ကိုယ်စားလှယ် များအားဖိတ်ခေါ်၍ စာချုပ် ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ခြင်း၊
- စာချုပ် ချုပ်ဆိုခြင်း၊
- လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း (လုပ်ငန်းကာလ - အနည်းဆုံး (၆) လခန့်)
- စက်မှု EI အဖွဲ့မှ အရည်အသွေးစစ်ဆေးခြင်းနှင့် ဌာနမှ လုပ်ငန်းအရည်အသွေး ထပ်ဆင့်စစ်ဆေးပြီးနောက် လုပ်ငန်းအပ်နှံခြင်း (Commissioning)။


## အသေးစားခတ်အားစနစ်ဆောင်ရွက်မည့် ကုမ္ပဏီများကို ဘယ်လိုစံနှုန်းတွေနဲ့ အဓိကစိစစ်သလဲ?

- ကျေးရွာလူထုအပေါ် အကျိုးပြုနိုင်မှု (စီမံကိန်းကျေးရွာတွင် မူလအိမ်ခြေ၏ (၈၅%) အနည်းဆုံး မီးချိတ်ဆက်ရယူမှုရှိခြင်း၊
- ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အထောက်အကူပြုနိုင်မှု၊
- စီမံကိန်းအရည်အသွေးဆိုင်ရာ အာမခံချက်ပေးနိုင်မှု၊
- လုပ်ငန်းရှင်၏ ဆက်စပ်လုပ်ငန်းအတွေ့အကြုံရင့်သန်မှု၊
- ကုမ္ပဏီ၏ ဘဏ္ဍာငွေရင်းမြစ်ခိုင်မာမှု၊
- နည်းပညာပိုင်းအရ ဖြစ်နိုင်ခြေရှိမှုနှင့် အာမခံချက်ပေးနိုင်မှု (စီမံကိန်းဆောင်ရွက်ရန် လုံလောက်သော စွမ်းအင်အရင်းအမြစ်များ (နေရောင်ခြည်၊ရေအား၊ ဇီဝလောင်စာ) ရှိခြင်း၊ ဒီဇိုင်းတွက်ချက်မှု၊ အသုံးပြုပစ္စည်းများ)
- လုပ်ငန်းအစီအစဉ် တိကျခိုင်မာမှု
- ကုန်ကျစာရိတ်သက်သာမှု
- ထောက်ပံ့ငွေတောင်းခံမှုပမာဏ (နိုင်ငံတော်ထောက်ပံ့ငွေ တောင်းခံမှုပမာဏ အနည်း/ အများ) (အများဆုံး ၆၀ % ထိသာ)

# အသေးစားဓာတ်အားစနစ် (MINI-GRID) အတွက် ဘဏ္ဍာငွေ ဘယ်လိုထည့်ဝင်ဖို့ လိုအပ်သလဲ?

- ဘဏ္ဍာငွေထည့်ဝင်မှုပုံစံ



## လုပ်ငန်းအကောင်အထည်ဖော်ပြီးတဲ့ခါ စီမံကိန်းလုပ်ငန်းပိုင်ဆိုင်မှု ဘယ်လိုခွဲဝေမလဲ?

- ပိုင်ဆိုင်ခွင့် - ပထမ (၆)နှစ်မှ (၁၅)နှစ်အတွင်း ကျေးရွာနေပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူ (Developer)၊
- လုပ်ငန်းကာလ - (၆) နှစ်မှ (၁၅) နှစ် (ဓာတ်အားခပေါ်မူတည်၍ ညှိနှိုင်းသတ်မှတ်ခြင်း)၊
- ဓာတ်အားခ - (၃၀၀) ကျပ် မှ (၅၀၀) ကျပ် အတွင်း၊
- ကျေးလက်ဦးစီးတာဝန် - ကြီးကြပ်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

## ပြည်သူထည့်ဝင်ငွေ (၂၀%) ကို ဘယ်အချိန်မှာ ပေးသွင်းရမှာလဲ?

***စာချုပ်ချုပ်ဆိုရန် ကုမ္ပဏီနှင့် ကျေးရွာညှိနှိုင်းပြီး စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမှာဖြစ်ပါသည်***

## စာချုပ်သက်တမ်းပြည့်သွားတဲ့ခါ လုပ်ငန်းဆက်လက်လည်ပတ်ရန် ဘယ်သူတွေမှာ တာဝန်ရှိသလဲ?

- သတ်မှတ်ကာလပြည့်သွားပါက ရေရှည်တည်တံ့စေရန်အတွက် ကျေးလက်ဦးစီးမှ ကြီးကြပ်၍ ကျေးရွာ၏ အစီအစဉ်ဖြင့် ဆက်လက် လုပ်ငန်းလည်ပတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- ကျေးရွာအနေနဲ့စီမံကိန်းကို ကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ကုမ္ပဏီမှ သင်တန်းပို့ချပေးမှာ ဖြစ်ပါတယ်။
- ကျေးရွာအနေနဲ့ ကုမ္ပဏီကို ဆက်လက်ဆောင်ရွက်စေလိုလျှင် သင့်တင့်တဲ့မီတာခနဲ့ အသုံးပြုနိုင်အောင် ကုမ္ပဏီနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

## ကျေးရွာမှ ထပ်တိုးမီတာလျှောက်ချင်လျှင် ဘယ်လိုဆောင်ရွက်ရမှာလဲ?

- လျှောက်လွှာပုံစံနှင့်တကွ ကျေးရွာမီးလင်းရေးကော်မတီမှတစ်ဆင့် မြို့နယ်ကျေးလက်ရုံးနှင့် ကုမ္ပဏီထံသို့ လျှောက်ထားရမည်ဖြစ်ပြီး အမှန်တကယ်လိုအပ်မှု ရှိ/ မရှိ စစ်ဆေး၍ တာဝန်ပေးထားသည့်ဝန်ထမ်းမှ စနစ်တကျ တပ်ဆင်ပေးသွားမည်ဖြစ်ပါတယ်။

## Mini-grid ဆောင်ရွက်ပြီးသားကျေးရွာကို Grid Extension ရောက်လာရင် ဘယ်လိုလုပ်မလဲ?



- မဟာဓာတ်အားလိုင်းရောက်ရှိလာပါက မဟာဓာတ်အားလိုင်း၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားတာဖြစ်လို့ အလွယ်တကူချိတ်ဆက် အသုံးပြုနိုင်ပြီး မဟာဓာတ်အားလိုင်းနှင့် အသေးစား ဓာတ်အားစနစ်ချိတ်ဆက်နိုင်ရန် လိုအပ်သည့်မူဝါဒများ ချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်း တွေနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။
- မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်ချိန်တွင် ဝန်အား(Load)ပြောင်းသုံးစွဲမှုမရှိလျှင် ဓာတ်အားဖြန့်ဖြူးရေး လိုင်း(မီးကြိုး) များကို ပြောင်းလဲစရာမလိုပဲ ဆက်လက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

## ပြင်ဆင်ထိန်းသိမ်းရေးအတွက် ဘယ်လိုဆောင်ရွက်ထားရှိသလဲ?

- ကုမ္ပဏီနဲ့ စာချုပ်သက်တမ်းအတွင်း ကုမ္ပဏီမှ ပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာများကို တာဝန်ယူဆောင်ပေးမှာ ဖြစ်ပါတယ်။
- ကျေးရွာမီးလင်းရေးကော်မတီအားပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းနှင့် သုံးစွဲသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများ ကုမ္ပဏီမှ ပို့ချပေးမှာ ဖြစ်ပါတယ်။
- ဦးစီးဌာနမှလည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့်ပူးပေါင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာသင်တန်း ပို့ချပေးသွားမှာ ဖြစ်ပါတယ်။


# အပိုင်း(၃)

# အသေးစားခေတ်အားစနစ်လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအတွက်

# Online Registration ပြုလုပ်ပုံအဆင့်ဆင့်

# အသေးစားဓာတ်အားလိုင်းစနစ် (Mini-Grid) ဆောင်ရွက်လိုတဲ့ ကုမ္ပဏီ/ လုပ်ငန်းရှင်တွေအနေနဲ့ Online Registeration ဘယ်လိုပြုလုပ်ရမလဲ ?

http://drdmyanmar.org/index.php?page=bmV3ZGVOYWIsJmlkPTE3Nw== link မှ တစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Website ထဲကိုဝင်ရပါမယ်။




အဆင်မပြေမှုများရှိခဲ့ရင် ၀၆၇-၃၄၁၈၆၃၆ သို့ ဖုန်းဖြင့် ဖြစ်စေ၊ drdnepmg@gmail.com သို့ emailဖြင့် ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

အောက်ဖော်ပြပါ link များတွင် စာရင်းပေးသွင်းမည့် ပုံစံ (Registration From) ရယူနိုင်ပါတယ်။

လိုအပ်တဲ့ အချက်အလက်များကိုလည်း Download ရယူနိုင်ပါတယ်။

**Informational Documents**

**Information Doc. 1:** https://tinyurl.com/CfPinfoDoc
*NEP Mini-Grid Call for Proposals Information Document*

**Information Doc. 2:** https://tinyurl.com/InfoSessionPres
*Information Session Presentation (31 August 2018)*

**Developer Registration Form**

**Registration Doc. 1:** https://tinyurl.com/DevRegistration
*Mini-Grid Developer Registration Form (Online, English-language only)*

**Registration Doc. 2:** https://tinyurl.com/DevRegistrationDownload
*Mini-Grid Developer Registration Form (Downloadable, Myanmar-language and English-language)*

**DRD-Screened Sites**

**DRD-Screened Site Database: [Forthcoming]**

**Supporting Documents**

**Support Doc. 1:** https://tinyurl.com/MGguidelines
*NEP Mini-Grid Guidelines*

**Support Doc. 2:** https://tinyurl.com/MGtechspecs
*NEP Mini-Grid Technical Specifications*

**Support Doc. 3:** https://tinyurl.com/VECapplication
*VEC Application for NEP Mini-Grid Assistance (Form 8 of NEP Operations Manual)*

**Support Doc. 4:** https://tinyurl.com/DvlprApplication
*Developer Application for NEP Mini-Grid Assistance (Form 9 of NEP Operations Manual)*

**Support Doc. 5:** https://tinyurl.com/MouVECdev
*Memorandum of Understanding (MoU) between VEC and Developer*

**Support Doc. 6:** https://tinyurl.com/TwnshpAssist
*Request for DRD Township Assistance for Mobilization of Village*

**Support Doc. 7:** https://tinyurl.com/DistrLineGuide
*Mini-Grid Distribution Line Selection Guideline*

**Support Doc. 8:** https://tinyurl.com/FinanceCalcSheet
*Combined Excel file for Daily and Seasonal Energy Demand and Load Profiles, Bill of Quantity, Mini-Grid Financing Plan, Mini-Grid Operations and Maintenance Cost Breakdown, Mini-Grid Income Statement, Mini-Grid Cash Flow Statement, Summary of Financial Result, Levelized Cost of Electricity Generation*

**Support Doc. 9:** https://tinyurl.com/CompSpecSheet
*Component Specification Sheet*

**Support Doc. 10:** https://tinyurl.com/LandDisclosure
*Disclosure of Land Ownership in NEP Mini-Grid Projects (Sample)*

**Support Doc. 11:** https://tinyurl.com/EnvSocSafeguard
*NEP Environmental and Social Safeguard Guide for Mini-Grids*

**Support Doc. 12:** https://tinyurl.com/WTPandATP
*Willingness-to-Pay and Ability-to-Pay Guidelines*

**Support Doc. 13:** https://tinyurl.com/DmndSurvey
*Demand Survey Forms (Households, Public, Productive Use)*

**Support Doc. 14:** https://tinyurl.com/VillageDataSurvey
*Survey Form to Collect General Village Data*

**Support Doc. 15:** https://tinyurl.com/LineCalcSpreadsheet
*Distribution/Transmission Line Calculation Spreadsheet*

**Support Doc. 16:** https://tinyurl.com/PreFSandFScomponent
*Pre-Feasibility and Feasibility Study Components*

**Support Doc. 17:** https://tinyurl.com/EvaltnCriteria
*Evaluation of Mini-Grid Projects for Subsidy*

**Support Doc. 18:** https://tinyurl.com/Pre-QualCriteria
*Pre-Qualification Criteria for Companies Competing for DRD-Screened Sites*



Reference Documents

**Reference Doc. 1:** https://tinyurl.com/MGTripartite
*NEP Mini-Grid Tripartite Agreement for Construction Subsidy (Public-Private Partnership Projects)*

**Reference Doc. 2:** https://tinyurl.com/MGTripartite100
*NEP Mini-Grid Tripartite Agreement for Construction Subsidy (100% Developer-Owned Projects)*

**Reference Doc. 3:** https://tinyurl.com/MGfinancialMgmt
*Financial Management Arrangement for Mini-Grid Operations*

**Reference Doc. 4:** https://tinyurl.com/PaymentProcedure
*NEP Payment Procedure for Mini-Grids*

**Reference Doc. 5:** https://tinyurl.com/BilateralServiceAgrmt
*Bilateral Service Agreement for the Sale of Electricity*

**Reference Doc. 6:** https://tinyurl.com/propTemplate
*Pre-Feasibility Study Proposal and Feasibility Study Report Template*

**Reference Doc. 7:** https://tinyurl.com/NepPhaseLook
*NEP Phase Lookup Excel Tool*

**Reference Doc. 8:** https://tinyurl.com/NepESMF
*Environmental and Social Management Framework (ESMF) of the World Bank-Assisted National Electrification Project*

**Reference Doc. 9:** https://tinyurl.com/ReferenceMats
*Third-Party Reference Materials*



Developers wishing to submit a specific mini-grid project proposal in response to a NEP-sanctioned Call for Proposals, shall refer to the DRD website: http://drdmyanmar.org/index.php?page=bmV3ZGV0YWlsJmlkPTE3Nw==

Upon completion of this digital registration form, an email containing additional instructions will be sent to your primary email address, as input below. If you do not receive an email within 10 minutes of submitting this digital form, please contact drdnepmg@gmail.com

If you have any questions or comments, please contact the PMO by email: drdnepmg@gmail.com or phone: +95673418636

* Required

ဆက်သွယ်ရန် Emailလိပ်စာ ဖြည့်ပါ။

Email address *

Your email

This is a required question

- စာရင်းပေးသွင်းသည့် ပုံစံ (Registration Form) ကို ပြည့်ပြည့်စုံစုံ ဖြည့်စွက်ပြီးတဲ့ခါ Form ဖြည့်စဉ်ကထည်းသွင်းခဲ့တဲ့ Email လိပ်စာထံ အဆိုပြုလွှာတင်သွင်းရန် လိုအပ်တဲ့အချက်အလက်/ညွှန်ကြားချက်တွေကို ပြန်လည်ပေးပို့ပေးမှာ ဖြစ်ပါတယ်။
- (၁၀) မိနစ်အတွင်း Email ပြန်စာ မရရှိရင် ၀၆၇-၃၄၁၈၆၃၆ (သို့မဟုတ်) drdnepmg@gmail.com သို့ ဆက်သွယ်မေးမြန်းရမှာ ဖြစ်ပါတယ်။


မြန်မာဘာသာနဲ့ ဝင်ရောက်ချင်တယ်ဆိုရင်တော့ http://tiny.cc/nepdevregMM link မှတစ်ဆင့် ဝင်ရောက်နိုင်ပါတယ်။

# အပိုင်း(၄)

# လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်

# Environmental & Social Safeguard

# လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်မှာ ဘယ်လိုမူဘောင်တွေပါဝင်လဲ?




Environmental & Social Safeguard

- ESMF- Environmental and Social Management Framework
  (သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးရာစီမံခန့်ခွဲမှုမူဘောင်)
- RPF - Resettlement Policy Framework
  (ရွှေ့ပြောင်းနေရာချထားခြင်းမူဝါဒမူဘောင်)
- IPPF - Indigenous People Planning Framework
  (ဒေသခံတိုင်းရင်းသားပြည်သူများအစီအစဉ်မူဘောင်)

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ် (Environmental Code of Practices (ECOPS) ဆိုတာ ....

- စီမံကိန်းလုပ်ငန်းစဉ်တွေမှာ အသေးဖွဲ့ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များကို လျော့နည်းစေသော လမ်းညွှန်ချက်တွေကို လိုက်နာရမှာဖြစ်ပါတယ်။

## စီမံကိန်းလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုပမာဏအား အဆင့်လိုက် ခွဲခြားသတ်မှတ်ခြင်း

| | |
|---|---|
| အမျိုးအစား (A) | သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား ပြင်းပြင်းထန်ထန် ထိခိုက်မှု ဖြစ်စေခြင်း၊ |
| အမျိုးအစား (B) | သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား အတော်အသင့် ထိခိုက်မှု ဖြစ်စေခြင်း၊ |
| အမျိုးအစား (C) | သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား အနည်းငယ်မျှသာ ထိခိုက်မှုဖြစ်စေခြင်း၊ |

### ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်ပုံ နည်းလမ်းအဆင့်ဆင့်




ထိခိုက်မှု လုံးဝမရှိစေရန် ရှောင်ရှားသင့်သည်များကို ရှောင်ရှားခြင်း၊

ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်း၊ (ပြန်လည်ထူထောင်ပေးခြင်း/ မူလအတိုင်းဖြစ်စေရန် ပြန်လည်ဆောင်ရွက်ပေးခြင်း)

အစားထိုးပေးလျော်ခြင်း၊

# လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးခြင်းပုံစံ (၄) မျိုးက ဘာတွေလဲ?

**ပုံစံ- (၁)**
လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီစစ် အကဲဖြတ်စစ်ဆေးခြင်း

**ပုံစံ- (၂)**
မြေယာရယူခြင်းဆိုင်ရာလိုက်နာဆောင်ရွက်ရန်များ

**ပုံစံ- (၃)**
မိမိဆန္ဒအလျောက် ထည့်ဝင်လှူဒါန်းမှု ပုံစံ

**ပုံစံ- (၄)**
NEP (Mini-grid Programme)တွင် ပါဝင်ခြင်းမရှိသော အိမ်ထောင်စုများ

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ထိခိုက်မှုလျော့နည်းစေရန် Developer တွေအနေနဲ့ ဘယ်လို အချက်တွေကို လိုက်နာသင့်လဲ?

- စီမံကိန်းတည်ဆောက်မည့်နေရာတွင် သစ်ပင်အားခုတ်ထွင်ရှင်းလင်းခြင်း ပြုလုပ်ရန်လိုအပ်ပါက ပြန်လည် စိုက်ပျိုးခြင်း၊
- ဆိုလာနှင့် ဒီဇယ်အရံအင်ဂျင်စနစ် သို့မဟုတ် ဆိုလာ-ဒီဇယ် နှစ်မျိုးစပ်စနစ် (Diesel Backup/ hybrid) များတွင် ဒီဇယ်မီးစက်များအတွက် အသံလုံစနစ် (Sound-Proof System) ထည့်သွင်းပေးခြင်း၊
- စီမံကိန်းမဆောင်ရွက်မီ Developer များအနေဖြင့် စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း အမှိုက်များထွက်ရှိလာနိုင်မှုကို ကြိုတင်လေ့လာပြီး မည်သို့ဖြေရှင်းရမည်ကို ဆောင်ရွက်ခြင်း၊
- လျှပ်စစ်စွန့်ပစ်ပစ္စည်းများနှင့် ဘတ္တရီအဟောင်းများတွင် အဆိပ်အတောက်ပစ္စည်းများပါဝင်နိုင်သည့်အတွက် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် စီမံစွန့်ပစ်နည်းများအတိုင်း ဆောင်ရွက်ခြင်း၊
- စီမံကိန်းဆောင်ရွက်မှုကြောင့် ကျေးရွာပြည်သူ၏ သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးကို မထိခိုက်အောင်ဆောင်ရွက်ခြင်း၊
- စီမံကိန်းဆောင်ရွက်ရာတွင် အလုပ်သမားများအတွက် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် ဆောင်ရွက်ခြင်း၊
- ကျေးရွာလူထု၏ ဝေဖန်အကြံပြုချက်များကို ဖြေရှင်းပေးခြင်း။

# အပိုင်း(၅)

# သတင်းအချက်အလက်ပြန်ကြားရေးနှင့်ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းစနစ်

# Communication and Grievance System


## သတင်းအချက်အလက်ပြန်ကြားရေးလုပ်ငန်းစဉ်က ဘာကြောင့် အရေးပါနေရသလဲ?

- တိကျမှန်ကန်သောသတင်းအချက်အလက်များရရှိစေခြင်းဖြင့် ပွင့်လင်းမြင်သာရှိမှုကို ဖော်ဆောင်နိုင်ပြီး စီမံကိန်းတွင် ပါဝင်ပတ်သက်သူများအားလုံးနှင့် ယုံကြည်မှုတည်ဆောက်နိုင်သည့်အတွက် စီမံကိန်း၏ ကောင်းမွန်သောပုံရိပ်ကို တည်ဆောက်ပေးနိုင်ခြင်း၊

## သတင်းအချက်အလက်ထိရောက်စွာပြန်ကြားပေးနိုင်လျှင် ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်သလဲ?





## သတင်းအချက်အလက်ပြန်ကြားမှုအားနည်းခြင်းကြောင့် ဘာတွေ တွေ့ကြုံနိုင်လဲ ?

သတင်းအချက်အလက်ပြန်ကြားမှုအားနည်းခြင်းကြောင့် ဒေသခံများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားအဖွဲ့အစည်းများနှင့် အငြင်းအခုံများ၊ မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားစေနိုင်ခြင်း။

စီမံကိန်းအပေါ် ယုံကြည်မှုအားနည်းလာပြီး မိမိတို့ဌာန၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကိုပါ ထိခိုက်လာနိုင်ခြင်း။

## ကောင်းမွန်သော သတင်းအချက်အလက်ပြန်ကြားမှု တည်ဆောက်ရန် ဘာတွေလိုအပ်မလဲ?


- စီမံကိန်းနှင့်သက်ဆိုင်သည့်အချက်အလက်များအား မှန်မှန်ကန်ကန်သိရှိနိုင်ရန် စီမံကိန်း(ရုံးချုပ်)သို့ စဉ်ဆက်မပြတ် ဆက်သွယ်မေးမြန်းနေရန် လိုအပ်ခြင်း၊
- စီမံကိန်းမတင်မီ/ စီမံကိန်းကာလအတွင်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်သူများကို ဖိတ်ကြား၍ **စီမံကိန်းဆိုင်ရာ သတင်းအချက်အလက် အမှန်များကို ပွင့်လင်းမြင်သာမှုရှိစွာ** ချပြရှင်းလင်းခြင်း၊
- လူမှုကွန်ယက်များတွင် ပြန်လည်တုန့်ပြန်မှုများပြုလုပ်သည့်အခါ ဒေါသ/ အမုန်းစကားမပါသောစကားများဖြင့်သာ တုံ့ပြန်ဖြေရှင်းခြင်း၊
- အတိမ်းအစောင်း၊ အလွဲအမှားမခံသည့်ကိစ္စရပ်များတွင် အထက်တာဝန်ရှိသူ/ စီမံကိန်း(ရုံးချုပ်)သို့ မေးမြန်းတိုင်ပင် ဆွေးနွေးပြီးမှသာ ဖြေကြားရှင်းလင်းမှုပြုလုပ်ခြင်း **(အထူးသဖြင့် မီဒီယာများနှင့်တွေ့ဆုံရာတွင်)**၊
- လူမှုကွန်ယက်နှင့် အခြားသောမီဒီယာများတွင်ဖြစ်စေ ဥပဒေနဲ့ညီညွတ်သောတုန့်ပြန်မှုများကိုသာ ဆောင်ရွက်ခြင်း။

# ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းခြင်းဆိုတာ ဘာလဲ?

| | |
|---|---|
| ဝေဖန်အကြံပြုခြင်း | အပြုသဘော(သို့) အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများကို ပြောကြားခြင်း |
| မကျေနပ်ချက်များကို တိုင်ကြားခြင်း | ဆက်သွယ်ဖြေရှင်းအသိပေး ပြန်ကြားပေးခြင်း |

စီမံကိန်းနှင့် ပတ်သက်၍





**သတိပြုရန်**

*** ဝေဖန်မှု/ တိုင်ကြားမှုများ ဖြစ်ပေါ်လာတဲ့ခါ စောစီးစွာဖြေရှင်းနိုင်ခြင်းသည် အကောင်းဆုံးဖြစ်၏ ***

# ဘယ်လိုနည်းလမ်းတွေနဲ့ ဝေဖန်အကြံပြုတိုင်ကြားနိုင်သလဲ?








NEP Facebook Page ရဲ့ Messenger နဲ့ Comment Box များမှ တစ်ဆင့်လည်း ထင်မြင်ချက်၊ ဝေဖန်အကြံပြုချက်များ ပြောကြားနိုင်ပါတယ်။

## ဌာနအနေနဲ့ ဝေဖန်အကြံပြုတိုင်ကြားချက်များကို ဘယ်လိုဖြေရှင်းပေးမလဲ?

- တိုင်ကြားမှုများကို လက်ခံရရှိလျှင် **(၃) ရက်** အတွင်း အသိအမှတ်ပြုကြောင်း အကြောင်းကြားရန်၊
- တိုင်ကြားမှုလက်ခံရရှိသည့်ကျေးလက်ဦးစီး(တိုင်း၊ ခရိုင်၊ မြို့နယ်)ရုံးများမှ **(၃) ပတ်** အတွင်း ဖြေရှင်းပေးရန်၊
- **(၃) ပတ်**အတွင်း မဖြေရှင်းနိုင်သော ကိစ္စရပ်ဖြစ်ပါက အထက်အဆင့်ဆင့်သို့ တင်ပြရန်၊
- တိုင်ကြားမှုများကိုလက်ခံပြီးတိုင်း ပြန်လည်တုန့်ပြန်ဖြေကြားရမည်မှာ-



***ဝေဖန်အကြံပြုတိုင်ကြားသည့်အတွက် ကျေးဇူးတင်ပါသည်။ (၃) ပတ်အတွင်း အကြောင်းပြန်ကြားပါမည်***

## ဝေဖန်အကြံပြုတိုင်ကြားချက်တွေကို ဘယ်လိုအစီရင်ခံရမလဲ?

**ကမ္ဘာ့ဘဏ်**

၃ လ (၁) ကြိမ် အစီရင်ခံစာ ပေးပို့ရမည်။

**ပြည်ထောင်စု အဆင့်**

လစဉ် အစီရင်ခံစာ ပေးပို့ရမည်။

**မြို့နယ်ကျေးလက်ရုံး**



# အပိုင်း(၆)

# ကျေးရွာမီးလင်းရေးကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရား

## ကျေးရွာမီးလင်းရေးကော်မတီကိုဘယ်သူတွေနဲ့ ဘယ်လိုဖွဲ့စည်းရမလဲ?




- ကျေးရွာမှ ယုံကြည်လေးစားရပြီး အများအကျိုးကို တာဝန်ယူအချိန်ပေး၍ ဆောင်ရွက်နိုင်သောသူများ ဖြစ်ရန်၊
- လူဦးရေအနည်းဆုံး (၉)ဦးဖြင့် ဖွဲ့စည်းပြီး အနည်းဆုံး အမျိုးသမီး (၃)ဦးပါဝင်ခြင်း၊


## ကျေးရွာမီးလင်းရေးကော်မတီဝင်တွေရဲ့ တာဝန်က ဘာတွေလဲ?




- စီမံကိန်းအကောင်အထည်ဖော်မည့်သူများနှင့် ဒေသခံများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊
- စီမံကိန်းမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ရွာသူ၊ ရွာသားများအား ပြန်လည် ရှင်းလင်းပြောပြခြင်း၊
- ပြည်သူ့ထည့်ဝင်ငွေကောက်ခံခြင်း၊ ဘဏ္ဍာရေး မှတ်တမ်းများ ထိန်းသိမ်းခြင်းနှင့် ဘဏ်တွင် ငွေပေးသွင်းခြင်း၊
- အများသုံးဆိုလာစနစ် (အထူးသဖြင့်- လမ်းမီး) များ တပ်ဆင်ရာတွင် အငြင်းပွားမှုများ မဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

## ကျေးရွာမီးလင်းရေးကော်မတီဝင်တွေအနေနဲ့ ဘယ်လိုအချက်တွေ ရှောင်ကြဉ်ရမလဲ?

- အဂတိလိုက်စားမှုများ (ငွေကြေး၊ လက်ဆောင်ပစ္စည်းနှင့် အခြားကိုယ်ပိုင်အသုံးအဆောင်များ) မပြုလုပ်ရ၊
- စာရွက်စာတမ်းများအတုမပြုလုပ်ရ၊
- ကိုယ်ကျိုးစီးပွားအတွက် အသုံးမပြုရ၊






- စီမံကိန်းလုပ်ငန်းများတွင် ခိုင်းစေရန် အသက် ၁၅ နှစ်အောက် ကလေးများအား မငှားရ၊
- လုပ်အား ခေါင်းပုံမဖြတ်ရ။

# အပိုင်း(၇)

# မြို့နယ်များအလိုက် ဆိုလာပြုပြင်ရေးစင်တာများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

## ICB- I အတွက် မြို့နယ်အလိုက် ဆိုလာပြုပြင်ရေးစင်တာများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဆက်သွယ်ရန်အမည်နှင့် ဖုန်းနံပါတ် | |
|---|---|---|---|
| ကရင် | ဘားအံ | ဦးမြင့်စိုး | ၀၉-၄၂၀၁၂၆၃၉၁ |
| | ကော့ကရိတ် | ဦးစိုးရန်နိုင် | ၀၉-၇၇၈၂၃၈၁၁၅ |
| | ကြာအင်းဆိပ်ကြီး | ဦးငွေအောင်ကျော် | ၀၉-၇၆၇၀၈၅၄၁၂ |
| တနင်္သာရီ | မြိတ် | ဦးဝင်းလှိုင်ထွန်း | ၀၉-၇၈၀၀၀၀၈၇၀ |
| | ကော့သောင်း | ဦးဇင်ရဲဝေ | ၀၉-၂၅၄၃၂၉၇၈၇ |
| | ဘုတ်ပြင်း | ဦးဇော်လတ် | ၀၉-၇၈၂၂၀၈၃၅၉ |
| ချင်း | ထန်တလန် (ကျေးလက်ရုံး) | လေဒီယာဆုန်ချင်ပါး | ၀၉-၂၆၃၈၅၅၄၂၅ |
| | ထန်တလန်မြို့နယ် | ဗန်ကန် | ၀၉-၂၅၇၂၅၉၈၄၅ |
| | တီးတိန် | လောကီးဝေ | ၀၉-၇၆၉၅၈၃၆၉၂ |
| | ကန်ပက်လက်၊ မင်းတပ် | ခေါင်ဂေးကီ | ၀၉-၄၄၂၀၀၁၉၉၈ |
| | ပလက်ဝမြို့နယ် | ဦးငြိမ်းချမ်း | ၀၉-၈၉၅၉၂၉၁၈၃ |
| | ပလက်ဝ | ဦးကျော်ကျော်ဦး | ၀၉-၄၀၂၃၅၄၄၉၉ |
| | တွန်းဇံ | ဦးလောကိဟာ | ၀၉-၄၀၀၅၁၁၆၈၇ |
| | | ဦးနီဟုပ်(leader) | ၀၉-၂၅၈၆၂၂၉၁၉ |

# ICB- I အတွက် မြို့နယ်အလိုက် ဆိုလာပြုပြင်ရေးစင်တာများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဆက်သွယ်ရန်အမည်နှင့် ဖုန်းနံပါတ် | |
|---|---|---|---|
| စစ်ကိုင်း | မုံရွာ(main) | ဦးထွန်းထွန်းနိုင် | ၀၉-၂၆၀၈၉၆၀၃၀ |
| | | ဦးမိုးဝင်း | ၀၉-၄၂၅၁၅၉၄၈၉ |
| | | ဒေါ်ကေသွယ်မိုး | ၀၉–၄၅၁၂၆၆၃၅၆ |
| | | ဒေါ်ခင်ခင်မိုး | ၀၉–၂၅၉၀၃၁၃၆၁ |
| | ရေဦး၊ ဒီပဲယင်း၊ တန့်ဆည် | ဦးငြိမ်းချမ်းအောင် | ၀၉-၄၅၁၂၂၃၇၉၁ |
| | ကနီ၊ မင်းကင်း | ဦးမျိုးမင်းဟိန်း | ၀၉-၇၉၇၈၉၈၄၁၄ |
| | တမူး၊ မော်လိုက်၊ ဖောင်းပြင် | ဦးတင်ထွန်းလင်း | ၀၉-၈၉၈၀၅၅၇၂၃ |
| | အင်းတော်၊ ဗန်းမောက်၊ ကသာ၊ ထီးချိုင့် | ဦးပိုင်သူ | ၀၉-၂၅၆၉၂၇၄၃၉ |
| | မြင်းမူ၊ အရာတော်၊ ပုလဲ | ဦးကျော်မင်းဝေ | ၀၉-၄၄၁၄၈၂၆၉၉ |
| | ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ | ဦးမင်းထက်အောင် | ၀၉-၈၉၂၆၇၀၈၇၄ |
| ရခိုင် | စစ်တွေ၊ ပုဏ္ဏားကျွန်း | ဦးနေထွန်း | ၀၉-၄၄၉၀၉၆၀၈၅ |
| | မြောက်ဦး(main) | ဦးကျော်မင်းဌေး | ၀၉-၂၅၃၂၅၉၇၃၂ |
| | မြေပုံ၊ ပေါက်တော | ဦးကျော်မင်းလှိုင် | ၀၉-၄၂၇၈၅၆၈၅၀ |
| | ကျောက်တော်/မြောက်ဦး | ဦးသိန်းဝင်းနိုင် | ၀၉-၄၄၉၀၄၂၈၁၁ |
| | ဘူးသီးတောင်၊ မောင်တော | ဦးကျော်လှိုင် | ၀၉-၈၉၄၁၂၇၇၉၀ |
| | တောင်ကုတ်မြို့နယ်(main) | ဦးပြည့်စုံထွေး | ၀၉-၈၉၄၀၈၂၄၆၁ |

# ICB- I အတွက် မြို့နယ်အလိုက် ဆိုလာပြုပြင်ရေးစင်တာများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဆက်သွယ်ရန်အမည်နှင့် ဖုန်းနံပါတ် | |
|---|---|---|---|
| ရခိုင် | မန်အောင်/တောင်ကုတ် | ဦးခင်မောင်ဦး | ၀၉-၇၈၁၀၁၄၇၅၁ |
| | ရမ်းဗြဲ၊ ကျောက်ဖြူ | ဦးနေလင်းဆန်း | ၀၉-၄၅၇၀၄၂၈၈၆ |
| | ဂွ၊ သံတွဲ | ကိုညီညီ | ၀၉-၂၅၉၆၅၀၃၀ |
| | အမ်း၊ မင်းပြား | ဦးဇာနည်သွင် | ၀၉-၄၀၂၀၉၂၉၃၃ |
| | ရသေ့တောင် | ဦးလင်းထွန်း | ၀၉-၄၅၁၁၆၃၅၃၈ |
| ရှမ်း (အရှေ့) | ကျိုင်းတုံ(main) | ကိုမိုးဝင်း | ၀၉-၄၂၅၁၅၉၄၈၉ |
| | | | ၀၉-၂၅၂၇၅၂၀၆၈ |
| | မိုင်းခတ်၊ မိုင်းလား၊မိုင်းပြင်း | ဦးနိုင်ဝင်း | ၀၉-၄၄၄၇၂၀၅၇ |
| | မိုင်းပြင်း | ဦးနိုင်ဝင်း | ၀၉-၄၄၄၇၂၀၅၇ |
| | | ဦးပြည့်ဖြိုးဇော် | ၀၉-၄၂၆၁၃၄၂၈၀ |
| | တာချီလိတ်၊ မိုင်းယောင်း | ဦးငြိမ်းချမ်းဦး | ၀၉-၄၂၀၂၁၈၅၃၆ |
| | မိုင်းဖြတ်၊ မိုင်းဆတ်၊ မိုင်းတုံ | | |
| ရှမ်း (မြောက်) | လားရှိုး၊ တန့်ယန်း(main) | ဦးမျိုးမင်းဦး | ၀၉-၇၉၃၁၀၀၉၈၄ |
| | | | ၀၉-၂၅၀၅၂၉၄၁၅ |

# ICB- I အတွက် မြို့နယ်အလိုက် ဆိုလာပြုပြင်ရေးစင်တာများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဆက်သွယ်ရန်အမည်နှင့် ဖုန်းနံပါတ် | |
|---|---|---|---|
| ရှမ်း(မြောက်) | ကျောက်မဲ၊ နောင်ချို/သီပေါ | ဦးဇော်သက် | ၀၉-၄၂၀၇၆၀၆၉၅ |
| | မိုးမိတ်၊ မဘိန်း | ဦးသိန်းထွန်းဝင်း | ၀၉-၄၄၈၄၈၉၂၉၉ |
| | သိန္နီ(main) | ချမ်းမြေ့အောင် | ၀၉-၂၅၉၀၃၉၆၃၂ |
| | သိန္နီ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင် | ဦးနိုင်ထက်လင်း | ၀၉-၄၄၀၃၂၁၅၀၀ |
| | လားရှိုး၊မိုင်းရယ်၊ နမ္မတူ၊ နမ့်ဆန် | ရန်လင်းအောင် | ၀၉-၈၉၈၅၀၈၀၉၅ |
| | ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ | ဦးဝင်းမင်းလွင် | ၀၉-၂၅၄၀၂၇၀၅၇ |
| | ကုန်းကြမ်း | | |
| ဧရာဝတီ | ပုသိမ် (ကျေးလက်ရုံး)(main) | မမေသူကျော် | ၀၉-၂၆၀၄၇၂၂၆၁ |
| | ပုသိမ်မြို့နယ် | လင်းမိုးဇင် | ၀၉-၇၆၂၃၄၁၄၁၁ |
| | ပုသိမ်၊ သာပေါင်း၊ | ဦးသူရိန် | ၀၉-၇၉၂၄၈၄၉၄၃ |
| | ကန်ကြီးထောင့်၊ ကျောင်းကုန်း | ဦးဇော်နိုင်ထွေး | ၀၉-၇၆၀၉၅၈၂၇၃ |
| | ဟသ်ာတ/အင်္ဂပူ | ဦးသန့်ဇင်ကို | ၀၉-၈၉၉၈၅၄၇၂၀ |
| | ဖျာပုံ | မကေကေမိုး | ၀၉၇၈၈၉၃၆၂၃၀ |
| | မြောင်းမြ/အိမ်မဲ | ဦးစက်ကောင်းစံ | ၀၉-၄၅၇၆၈၀၃၉၉ |

## ICB- I အတွက် မြို့နယ်အလိုက် ဆိုလာပြုပြင်ရေးစင်တာများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဆက်သွယ်ရန်အမည်နှင့် ဖုန်းနံပါတ် | |
|---|---|---|---|
| ဧရာဝတီ | ဖျာပုံ(main) | ဦးဆန်းဦး | ၀၉၇၇၀၀၀၈၉၄၄ |
| | | ဦးဖိုးသား | ၀၉-၆၈၃၀၅၃၁၆၄ |
| | ပန်းတနော် | ဦးအောင်မြတ်မင်း | ၀၉-၆၉၅၃၂၉၀၅၉ |
| | မအူပင် | ဦးအောင်သူရဟိန်း | ၀၉-၆၉၅၀၁၆၁၀၈ |
| | ဒေးဒရဲ | ဦးရင်အေး | ၀၉-၆၉၁၇၄၅၂၁၅ |
| | ကျိုက်လတ် | ဦးဇော်မင်းလတ် | ၀၉-၇၇၈၄၃၈၀၆၇ |



❖ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းအတွက်ဆိုရင် အောက်ဖော်ပြပါ **Hot Line** ဖုန်းနံပါတ်တွေကိုလည်း ဆက်သွယ်လို့ရပါတယ်-

- ✓ **ကရင်ပြည်နယ်** **၀၉-၈၉၅၅၃၅၉၁၆**
- ✓ **တနင်္သာရီတိုင်း** **၀၉-၈၉၅၅၃၅၉၁၇**



## ဆက်သွယ်စုံစမ်းရန်


ရုံးအမှတ်(၃၆)၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရုံး၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်။



ဖုန်း - ၀၆၇ ၃၄၁၈၆၃၄၊ ၀၆၇ ၃၄၁၈၆၅၆၊ Fax - ၀၆၇ ၃၄၁၈၆၃၅
အီးမေးလ်- nepcommunicationteam@gmail.com
Facebook Page Link: https;//m.facebook.com/National Electrification Project



အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းရုံးမှ ထုတ်ဝေသည်